★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက်

## သတင်းစဉ်

အမှတ်စဉ် ၅၃/၂၀၀၇ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်။



“ ××× မြန်မာပြည်သူလူထုအတွက် အကျိုးပြုမယ့် ရလဒ်ကောင်းဖို့ဆိုရင် ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်သာပြောင်းသာစွာနဲ့ တွေ့ဆုံဆွေးနွေးမယ်လို့ မကြာခဏ ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုတွေ့ဆုံဆွေးနွေးတာဟာ အဖွဲ့ချုပ်ကောင်းစားဖို့ ဦးတည်ဆွေးနွေးတာမျိုးမဖြစ်သင့်သလို အာဏာပိုင်များ ကောင်းစားဖို့ ဦးတည်ဆွေးနွေးတာမျိုးလည်း မဖြစ်သင့်ပါဘူး။ မြန်မာပြည်သူလူထုကောင်းစားရေးအတွက်ပဲ ဦးတည်ရလိမ့်မယ်×××”

ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၅)လနဲ့(၁၄)ရက်ရှိသွားပါပြီ။

(၆–၅–၀၂ ရက်တွင် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်များမှ)

## ယနေ့ သတင်းများ

၁။ ကျောင်းသားခေါင်းဆောင်များ ထပ်မံအဖမ်းခံရ

၂။ ဗိုလ်မှူးအောင်လင်းထွန်းရဲ့ အိပ်ဖွင့်ပေးစာ

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်

၄။ နေအိမ်တွင် တောင်ကုတ် (NLD) အဖွဲ့ဝင်တဦး အဖမ်းဆီးခံရ

၅။ အတုအယောင်ထောက်ခံပွဲအတွက် မဲစနစ်ဖြင့် အတင်းအဓမ္မ လိုက်ခိုင်းနေ

၆။ ဘယ်တော့မှ အခဲကြေမှာ မဟုတ်

၇။ မင်းကိုနိုင်လည်း နှိပ်စက်ခံနေရသည်

၈။ ဆန္ဒပြသူတွေကို ဆက်လက် ဖမ်းဆီးနှိမ်နင်းမှုတွေကို ရပ်တန့်ဖို့ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တောင်းဆို

၉။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖမ်းဆီးခံခဲ့ရသူများ စာရင်း

၁၀။ လွတ်မြောက်နယ်မြေ တနေရာသို့[၈၈]မျိုးဆက် ကျောင်းသားသုံးဦး ခေတ္တရောက်ရှိ

## ကျောင်းသားခေါင်းဆောင်များ ထပ်မံအဖမ်းခံရ

*ရေဝတီ ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသည့် ကိုဌေးကြွယ်၊ ကိုအောင်သူနှင့် မမီးမီးတို့နှင့် ၎င်းတို့အားအကူအညီပေးနေသူ ကိုကိုတို့(၄)ဦး ၎င်းတို့ရှောင်တိမ်းနေသည့်အိမ်တွင် ယနေ့နံနက်ပိုင်းက အဖမ်းခံရကြောင်း သိရပါတယ်။

ကိုဌေးကြွယ်သည် ဩဂုတ်လ (၂၁)ရက်နေ့ညက ဖမ်းဆီးခဲ့သည့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုမင်းဇေယျ၊ ကိုကိုကြီးတို့အပါအဝင် ၈၈မျိုးဆက် ကျောင်းသားခေါင်းများ အဖမ်းခံရစဉ်ကတည်းက ရှောင်တိမ်းနေရင်း လူထုလှုပ်ရှားမှုများကို ဆက်လက်ဦးဆောင်နေသူ ဖြစ်ပါတယ်။

ကိုအောင်သူနှင့် မမီးမီးတို့မှာ ဩဂုတ်လ (၂၂)ရက်နေ့တွင်စတင်သည့် ဆန္ဒပြလမ်းလျှောက်ပွဲများကို ဦးဆောင်ခဲ့သူများဖြစ်ပါတယ်။ စစ်အစိုးရ၏ လတ်တလော ဖမ်းဆီးနှိပ်စက်မှုများနှင့်ပတ်သက်၍ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုစိုးထွန်းက နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ အကူအညီပေးရန် တောင်းဆိုလိုက်ပါတယ်။

“အနည်းဆုံး နိုင်ငံတကာကြက်ခြေနီအဖွဲ့က ထိန်းသိမ်းထားသူတွေကို စောင့်ရှောက်ခွင့်တွေရရင် နည်းနည်းတော့ သက်သာမယ်။ နောက်ပြီးအမြန်ဆုံးပြန်လွှတ်ပေးဖို့ကိုလည်း တောင်းဆိုတယ်။ ဒီကိစ္စကို ပြောနေတာလည်း ထပ်တလဲလဲရှိနေပါပြီ။ အဲဒါမှမဖြစ်ဘူးဆိုရင် ကျနော်အားလုံးလည်းဆင်းခံနေရတဲ့ သဘောဖြစ်နေတယ်။ နိုင်ငံတကာအသိုင်းအဝန်းကလည်း ဒီကိစ္စကိုဝိုင်းဝန်း လုပ်ဆောင်စေချင်တယ်” ဟု ကိုစိုးထွန်းက ပြောပါတယ်။

ပြည်သူတရပ်လုံးက ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာ့နိုင်ငံအရေးအခြေအနေအား ပြုပြင်ပြောင်းလဲနိုင်မည့်ဆုံးဖြတ်ချက်မျိုးကို မျှော်လင့်ခဲ့သော်လည်း ဖြစ်မလာကြောင်းကိုစိုးထွန်းက ပြောပါတယ်။

အောက်တိုဘာလ (၁၁)ရက်နေ့က လုံခြုံရေးကောင်စီဥက္ကဋ္ဌ မြန်မာနိုင်ငံနှင့် ပတ်

သက်၍ ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာ နအဖ စစ်အစိုး၏ အကြမ်းဖက် လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချကြောင်းကိုသာ ဖော်ပြထားပြီးအရေးယူ ဆောင်ရွက်မှုများ ၎င်းကြေညာချက်တွင်မပါဝင်ပါ။

ကိုဌေးကြွယ်သည် ၁၉၉၁ခုနှစ်မှ ၂၀၀၄ခုနှစ် အောက်တိုဘာလ အထိ အင်းစိန်ထောင်နှင့် သာယာဝတီထောင်တို့တွင် အကျဉ်းကျခံခဲ့ရပြီး ကိုအောင်သူမှာ ၁၉၉၀ ခုနှစ်မှစ၍ အင်းစိန်ထောင်တွင် ထောင်ဒဏ် (၅)နှစ် ကျခံခဲ့ရပါတယ်။

"၈၈ ကျောင်းသားတွေအပြင် ကျနော်တို့နဲ့ ဆက်နွယ်မှုအနည်း အကျင်းရှိသူတွေကိုလည်း အပြီးတကြိုးနဲ့ လိုက်ဖမ်းနေတယ် ရှစ်လေးလုံး နှစ်ပတ်လည်ပွဲကို လာသူမှန်သမျှကို ဖမ်းဆီးမေးမြန်းတာတွေရှိနေတယ်။" ကျနော်တို့အင်အားစုတွေအားလုံးကတော့ ဒီလိုဖမ်းဆီးမှုတွေကို ကြံ့ကြံ့ခံရင်း လူထုလှုပ်ရှားမှုတွေကို ဆက်လက်ဖော်ဆောင်သွားမှာ ဖြစ်တယ်ဟု ကိုဌေးကြွယ် အဖမ်းမခံရမီရက်ပိုင်းအတွင်းက ရေဝတီကို ပြောဆိုခဲ့ပါတယ်။

မမီးမီးသည် ၁၉၉၆ ခုနှစ်တွင် အင်းစိန်ထောင်နှင့် သာယာဝတီ ထောင်တို့တွင် ထောင်ဒဏ် (၇)နှစ် ကျခံခဲ့ရသူဖြစ်ပါတယ်။ ကုန်ဈေးနှုန်း ကျဆင်းရေးကော်မီတီမှ ကိုအောင်ကြီးကိုလည်း ယမန်နေ့ညက ၎င်း ရှောင် တိမ်းနေသည့်အိမ်တွင် အာဏာပိုင်တိုက ဖမ်းဆီးလိုက်သည်။ ကုန်ဈေးနှုန်း ကျဆင်းရေးကော်မီတီကို ဦးဆောင်သူ ကိုထင်ကျော်မှာ သြဂုတ်လအတွင်းက ရန်ကုန်မြို့သိမ်းကြီးဈေးအနီးတွင် မြန်မာနိုင်ငံအလုပ်သမား သွေးစည်း ညီညွတ်ရေးအဖွဲ့မှ ဦးဇော်ညွှန့်နှင့်အတူ ဆန္ဒပြရင်း အဖမ်းခံခဲ့ရပါတယ်။ ■

---

## ဗိုလ်မှူးအောင်လင်းထွန်းရဲ့ အိပ်ဖွင့်ပေးစာ

*ဒီဗွီဘီ၊ ၁၃ အောက်တိုဘာလ၊၂၀၀၇*

ဗိုလ်မှူးအောင်လင်းထွင့်ဟာ မေမြို့စစ်တက္ကသိုလ် အပတ်စဉ် (၂၀) က ကျောင်းဆင်းတဲ့ တပ်မတော်အရာရှိ တဦးဖြစ်ပါတယ်။ (၁၉၇၉) ကနေ (၁၉၈၃) ခုနှစ်ထိ ခလရ (၈၁) မှာ တာဝန်ယူခဲ့ပြီး (၁၉၈၃) ခုနှစ် ဒီဇင်ဘာလမှာ တပ်မတော်ထောက်လှမ်းရေးကို ပြောင်းရွှေ့တာဝန်ယူခဲ့သူ ဖြစ်ပါတယ်။ (၁၉၈၄) ခုနှစ်မှာ တပ်မတော်ထောက်လှမ်းရေး သင်တန်းကျောင်းမှာ ကျောင်း ဆရာအဖြစ် တာဝန်ယူခဲ့ပါတယ်။ (၁၉၈၇) ခုနှစ်မှာ အမေရိကန်နိုင်ငံ ဝါရှင်တန် မှာ ထောက်လှမ်းရေးသင်တန်း တက်ရောက်ခဲ့သူလဲ ဖြစ်ပါတယ်။

(၁၉၉၁) ခုနှစ်ကနေ (၁၉၉၉) ခုနှစ် အထိ စစ်ရုံး ထောက်လှမ်းရေး ဌာနချုပ်မှာ တာဝန်ယူခဲ့ပါတယ်။ အဲဒီနောက် ဝါရှင်တန် နအဖသံရုံးမှာ (၂၀၀၅) ခုနှစ်အထိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆိုင်ရာ သံအရာရှိနဲ့ သံရုံးယာယီ တာဝန်ခံ ယူခဲ့သူလဲဖြစ်ပါတယ်။ (၂၀၀၅) ခုနှစ် ဧပြီလထဲမှာ အမေရိကန် နိုင်ငံမှာ နိုင်ငံရေးခိုလုံခွင့်ယူခဲ့သူဖြစ်ပါတယ်။ ■

---




## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် – ၉၇ / ခ ၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့**

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်
၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက်

**အထူးကြေညာချက် – ၁၁ / ၁၀ / ၀၇**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (ဗီတိုအာဏာသုံးစွဲခွင့်ရှိသည့် နိုင်ငံ (၅)နိုင်ငံ အပါအဝင်) က မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ တညီတညွတ်တည်း ဆုံးဖြတ်ချက်များအရ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၁) ရက်နေ့ ကြေညာချက်ကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ထောက်ခံကြိုဆိုလိုက်သည်။ ၎င်းအပြင် ဥက္ကဋ္ဌ၏ကြေညာချက် ထွက်ပေါ်လာနိုင်ရန် ထောက်ခံကြသည့် လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံ အားလုံးကိုလည်းအထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ယင်းကြေညာချက်တွင် –

(က) မြန်မာနိုင်ငံ အာဏာပိုင်များက ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို အကြမ်းဖက်နှိမ်နင်းခြင်းများအတွက် လွန်စွာ ဝမ်းနည်းရသည်။

(ခ) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံအရေး အကျဉ်းသမားများ၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ပတ်သက်၍ ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရသူများကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ဂ) ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်း သားခေါင်းဆောင်များနှင့် နိုင်ငံရေးအစိုပ္ပါယ် ပြည့်ဝ သော တွေ့ဆုံဆွေးနွေးပွဲများကို အာဏာပိုင်များက အမြန်ဆုံးစတင် ဆောင်ရွက်ရန်၊

တို့ဖြစ်သည်ဟု နိုင်ငံခြား သတင်းဌာနများမှ ကြားသိရပါသည်။

အရေးကြီးဆုံးအချက်မှာ အထက်ပါ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ကြေညာချက်ပါ အချက်များကို မြန်မာနိုင်ငံ အာဏာပိုင်များက မနှေးအမြန် အကောင်အထည်ဖော်ရန် ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်ပါအချက် များ ဖြစ်သောကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတနိုင်ငံ ဖြစ်နေသောကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံ အာဏာပိုင်များ က ကုလသမဂ္ဂနှင့် ပူးတွဲဆောင်ရွက်သွားမည်ဟု ကြေညာထားသောကြောင့် လည်းကောင်း၊ အာဏာပိုင်အဖွဲ့အပေါ်တွင် တာဝန်ရှိသည့် အားလျော်စွာ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ကြေညာချက်ပါအချက်များကို အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖေါ်ရန် အထူး လိုအပ်ကြောင်း ကြေညာလိုက်သည်။

၁၂ – ၁၀ – ၀၇ နေ့တွင် ကျင်းပပြုလုပ်သော
ဗဟိုအလုပ်အမှုဆောင် အဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

## နေအိမ်တွင် တောင်ကုတ် [NLD] အဖွဲ့ဝင်တဦး အဖမ်းဆီးခံရ

*ရိုးမ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

ယနေ့နံနက်တွင် ရန်ကုန်မှပြန်လာသော ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်(NLD)အဖွဲ့ဝင်တဦးကို ရဲတပ်ဖွဲ့ဝင်များက နေအိမ်တွင် ဖမ်းဆီးသွားခဲ့ပါတယ်။

(NLD) မြို့နယ်စည်းရုံးရေးဥက္ကဋ္ဌ ကိုမင်းအောင်သည် ရန်ကုန်မှ နေအိမ်သို့ပြန်ရောက်ပြီး (၅)မိနစ်အကြာတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပါတယ်။

“ဟုတ်ကဲ့၊ အိမ်မှာလာခေါ်တာ၊ ဒီနေ့မနက်ပဲ (၇း၀၀)နာရီကို ရန်ကုန်က ရောက်တယ်။ (၇း၀၅)မှာ လာခေါ်သွားတယ်။ စခန်းကပဲ၊ မြို့နယ်မှူးပါတယ်။ ကျန်တဲ့လူတွေလည်းပါတာပေါ့၊ အများကြီးပဲ။ လောလောဆယ်တော့ စခန်းပဲထင်တယ်။ အခုတော့ ဘယ်ခေါ်သွားမှန်း သေချာကျတို့လည်း မသိသေးပါဘူး။ အိမ်မှာ ငါးမိနစ်လောက်ပဲ နေလို့ရတယ်” ဟု ဇနီးဖြစ်သူ မမြဝတ်ရည်က ပြောပါတယ်။

ကိုမင်းအောင်သည် တောင်ကုတ်မြို့၌ ဆန္ဒပြပွဲများဖြစ်ပွားနေစဉ်အတွင်း ရန်ကုန်တွင်ရှိနေပြီး ဆန္ဒပြမှုတွင် ပါဝင်ခြင်းမရှိသော်လည်း အခြား (NLD)ပါတီဝင်များနည်းတူ ဖမ်းဆီးခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောဆိုပါတယ်။

စစ်အစိုးရက နယ်အသီးသီးမှ (NLD)ပါတီဝင်များကို ဖမ်းဆီးခဲ့ရာ တောင်ကုန်မြို့နယ်မှ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ခိုင်၊ ဦးထွန်းကြည်၊ ဦးသန်းဖေတို့ကိုလည်း ဖမ်းဆီးခဲ့ပြီး ဦးထွန်းကြည်နှင့် ဦးသန်းဖေတို့အား သံတွဲတောင်တွင် ယမန်နေ့က ထောင်ဒဏ်(၇)နှစ်စီချမှတ်သည်ဟု သတင်းများထွက်ပေါ်နေပါတယ်။

“ဒီ သာမန်ပြည်သူတွေကို ဆန္ဒပြပွဲမှာ ပါတဲ့သူတွေကိုတော့ ဖမ်းဆီးတာပဲ။ ကျနော်တို့လည်း သေသေချာချာတော့ မသိဘူးပေါ့နော်။ ကိုယ်နဲ့သိတဲ့သူတွေလောက်ပဲ သိရတာလေ။ နောက်ခြောက်လကျတဲ့သူတွေ ရှိတယ်လို့တော့ သိရတာပဲ”ဟု တောင်ကုတ်မြို့ခံတဦးက ဆိုပါတယ်။

ကိုမင်းအောင်အား တောင်ကုတ်သို့ ပြန်မလာရန် ဇနီးနှင့် မိတ်ဆွေများက သတိပေးထားသော်လည်း ကိုမင်းအောင်သည် ယမန်နေ့က ရန်ကုန်မှထွက်ခွာခဲ့ပြီး ယနေ့နံနက်ကအဖမ်းခံခဲ့ရပါတယ်။

အိမ်တွင်လာရောက်ဖမ်းဆီးစဉ် အင်္ကျီလဲခွင့်တောင်းသည်ကိုပင် ခွင့်မပြုဘဲ နောက်မှ လာပို့ရန်ပြောဆိုခဲ့၍ မိသားစုဝင်များက နံနက်စာနှင့် အဝတ်အစားများပို့ခဲ့ရာ ယနေ့နံနက်(၁၀)နာရီခန့်အထိ တောင်ကုတ်မြို့နယ်ရဲစခန်းတွင် ရှိနေသည်ဟု ဇနီးဖြစ်သူက ပြောပါတယ်။

“အင်း၊ ကိုမင်းအောင်ကိုတောင် ပြောပါသေးတယ်၊ မလာပါနဲ့ဦး၊ ရန်ကုန်မှာပဲနေပါဦးလို့ သူက အဖမ်းခံချင်တယ်လေ။ မဝင်ဖူးတော့ ဝင်ကြည့်ချင်တယ်နေမှာပေါ့နော်”ဟု ဇနီးဖြစ်သူက ရယ်မောစွာပြောဆိုခဲ့ပါသေးတယ်။

သတင်းမီဒီယာများနှင့် ဆက်သွယ်သူများကိုလည်း စစ်အစိုးရက ဖမ်းဆီးနေသည်ကို သူမအနေဖြင့် သိရှိနေပြီး မြင်မြင်ရာ ဖမ်းနေသည့်အတွက် သူမလည်း ပြင်ဆင်ထားကြောင်း ဆက်လက်ပြောဆိုသွားခဲ့ပါတယ်။ ■

**✻မဓမ္မသည် အဓမ္မကို နိုင်မြဲ။ ✻**

**✻လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ✻**

## အတုအယောင်ထောက်ခံပွဲအတွက် မဲစနစ်ဖြင့် အတင်းအဓမ္မ လိုက်ခိုင်းနေ

*ရိုးမ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

စစ်အစိုးရက ရန်ကုန်မြို့တွင်ပြုလုပ်မည့် ညီလာခံထောက်ခံပွဲနှင့် လူထုဆန္ဒပြမှု ကန့်ကွက်ပွဲများကို တက်ရောက်ရန်အတွက် လှိုင်သာယာစက်မှုဇုံအတွင်း မဲနှိုက်ခိုင်းနေပါတယ်။

မနက်ဖြန်တွင်ပြုလုပ်မည့် အဆိုပါအတုအယောင်ခံပွဲတွက် စက်ရုံများအလိုက် မဲနှိုက်ပြီး အင်အားပြရန် ယနေ့နံနက်က အမိန့်ပေးခဲ့ခြင်းဖြစ်ပါတယ်။

“စက်မှုဇုံထဲမှာ အာဏာပိုင်တွေက အမိန့်ထုတ်တာ၊ ဒီည(၂)နာရီကို လိုက်ခေါ်မှာ၊ စက်ရုံတရုံကို အယောက်(၅၀)ကနေ (၁၀၀)အထိ ခေါ်မယ်ပေါ့။ မလိုက်မဖြစ် မဲစနစ်နဲ့ မဲပေါက်တဲ့သူ လိုက်ရမယ်၊ လူထုထောက်ခံပွဲအတွက် စက်မှုဇုံထဲက အလုပ်သမားတွေကိုခေါ်မှ၊ လှိုင်သာယာမှာက စက်ရုံပေါင်း ရာကျော်မယ်ခင်ဗျ”ဟု ဒေသခံတဦးက ဆိုပါတယ်။

စက်ရုံမန်နေဂျာများက အလုပ်သမားကို ယနေ့ညနေ စက်ရုံမဆင်းခင်တွင် မဲနှိုက်ခိုင်းမည်ဖြစ်ပြီး မဲပေါက်သူများကို မနက် (၂)နာရီတွင် နေအိမ်များမှ လိုက်လံခေါ်ယူပြီး ကျိုက္ကဆံကွင်းသို့ လမ်းလျှောက်ရမည်ဟု ၎င်းက ဆက်လက်ပြောဆိုခဲ့ပါတယ်။

စစ်အစိုးရက သံဃာနှင့်လူထုဆန္ဒပြပွဲများအား အကြမ်းဖက်နှိမ်နင်းခဲ့ပြီးနောက် အတုအယောင်ဖွဲ့စည်းပုံကြိုဆိုထောက်ခံပွဲများကို နယ်မြို့များတွင် ပြုလုပ်ခဲ့ပြီးနောက် ယခု ရန်ကုန်မြို့တွင်လုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်တယ်။

အဆိုပါထောက်ခံများသို့ ဒေသခံပြည်သူများအား ငွေကြေးပေး၍လည်းကောင်း၊ အတင်းအကြပ် ဖိအားပေးကာ စုစောင်း၍ အင်အားပြဝါဒဖြန့်ချိနေခဲ့ပြီး ယခုကဲ့သို့ စက်မှုဇုံ အလုပ်သမားများအား အကြပ်ကိုင်လာခြင်းဖြစ်ပါတယ်။

“ကျနော်တို့ရဲ့ လုပ်ငန်းကိုပဲ တည်တည်ငြိမ်ငြိမ်နဲ့ လုပ်သွားချင်တယ်။ အလုပ်အပေါ်မှာပဲ အာရုံထားတယ်။ ဒါအလုပ်သမားတွေရဲ့ အခွင့်အရေးကို ချိုးဖောက်တာပဲ၊ မဲပေါက်တဲ့သူက မလိုက်ချင်ပေမဲ့ အတင်းခေါ်တဲ့သဘောပဲ၊ စားဝတ်နေရေးကို ထိခိုက်မယ်ဆိုတော့လည်း လိုက်ရမဲ့ သဘောပဲ”ဟု အလုပ်သမားတဦးက ဆိုပါတယ်။

အလုပ်သမားအများစုအတွင်း ယင်းသို့လုပ်ဆောင်ခြင်းအပေါ် မကျေမနပ်ဖြစ်ကာ လိုက်မည်၊ မလိုက်မည်ကို ငြင်းခုံနေကြပြီး မလိုက်ပါကမည်သို့အရေးယူမည်ကို ရှင်းလင်းစွာ မသိရသေးကြောင်း ၎င်းက ဆက်လက်ပြောဆိုပါတယ်။

ယမန်နေ့ကလည်း လှိုင်သာယာနှင့် လှိုင်မြို့နယ်များအတွင်းမှ ရပ်ကွက်ဆယ်အိမ်မှူး၊ ယာအိမ်မှူးနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များကို မြို့နယ်(မယက)မှ ခေါ်ယူကာ အဆိုပါထောက်ခံပွဲကို တက်ရောက်ရန် ဖိအားပေးလက်မှတ်ထိုးခိုင်းရာ မကျေမနပ်ဖြစ်နေသူအများစုဖြစ်သည်ဟု ဆိုပါတယ်။

ယနေ့နေ့လည်တွင်လည်း ရန်ကုန်မြို့ပေါ်ရှိ ဘတ်(စ်)ကား လိုင်းကား(၃၀၀)ခန့်ကို ချောဆွဲထားသည်ကိုမြင်ရပြီး အဆိုပါကြိုဆိုထောက်ခံပွဲ အတွက် အသုံးပြုမည်ဖြစ်သည်ဟု ရန်ကုန်မြို့ခံတဦးက ဆိုပါတယ်။

မကြာမီကဖြစ်ပွားခဲ့သည့် သံဃာနှင့် လူထုဆန္ဒပြပွဲများကို စစ်တပ်က အကြမ်းဖက်ပစ်ခတ်ဖမ်းဆီးမှုများပြုလုပ်ခဲ့သည့်အတွက် ရန်ကုန်မြို့ခံများက အတင်းအကြပ် ပြုလုပ်နေသည့် အတုအယောင်ထောက်

ခံပွဲများကို အပယ်အကြည်မရှိသလို ဝန်ထမ်းများအတွင်းတွင်လည်း မကျေနပ်မှုများ ကြီးထွားလာနေသည်။

"ဒါ မမှန်ကန်တဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။ လူထုဆန္ဒမပါပဲနဲ့ အဓမ္မလုပ်တဲ့ လုပ်ရပ်ပါ။ ဒီအပေါ်မှာ ကျနော်တို့က အလုပ်ပြုတ်မှာစိုးလို့သာ လိုက်ရမှာပါ။ ဒီအပေါ်မှာ ကျနော်တို့ လုံးဝမယုံကြည်ပါဘူး။ မထောက်ခံပါဘူး" ဟု လှိုင်သာယာစက်မှုဇုံမှ အလုပ်သမားတဦးက ဆိုပါတယ်။ ■

## ဘယ်တော့မှ အခဲကြေမှာ မဟုတ်

*ဒီဗွီဘီ၊ ၁၃ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်မြို့အတွင်းမှာ နအဖစစ်အစိုးရ အာဏာပိုင်တွေက ရဟန်းသံဃာတော်တွေအပါအဝင် ကျောင်းသားပြည်သူတွေကို လူမဆန်စွာ ရက်ရက်စက်စက် ရိုက်နှက်ဖမ်းဆီးပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ အဖြစ်အပျက်တွေကို ဘယ်တော့မှ အခဲကြေမှာ မဟုတ်ဘူးလို့ ရန်ကုန်မြို့ခံတွေကြား ပြောဆိုနေကြပါတယ်။ ဒီအကြောင်း အပြည့်အစုံကိုတော့ ရန်ကုန်မြို့ခံတွေနဲ့ ဆက်သွယ်မေးမြန်းထားပါတယ်။ ရန်ကုန်မြို့အတွင်းမှာ ငြိမ်းချမ်းစွာလမ်းလျှောက်ပြီး ပြည်သူ့ဆန္ဒ ထုတ်ဖော်နေတဲ့ ရဟန်းသံဃာတော်တွေအပါအဝင် ကျောင်းသားပြည်သူတွေကို စစ်တပ်၊ လုံထိန်းနဲ့ စွမ်းအားရှင်ဆိုသူတွေက စစ်မြေပြင်အတွင်းက ရန်သူများသဖွယ် ရက်ရက်စက်စက် ရိုက်နှက်ဖမ်းဆီး ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ လုပ်ရပ်တွေကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်သလို ဘယ်တော့မှလဲ အခဲကြေမှာ မဟုတ်ဘူးလို့ ရန်ကုန်မြို့ခံတဦးက ဒီဗွီကို အခုလို ပြောပြပါတယ်။

"ရန်ကုန်မြို့မှာနေတဲ့သူတွေ အကုန်လုံးကတော့ စိတ်နလုံးတွေ အကုန်လုံး ခြောက်ခြားနေတယ်။ တခြားအကြောင်းပြောလဲ ဥပမာ ရုပ်ရှင်အကြောင်း ဗီဒီယို အကြောင်း အချိန်တော့ အဲဒီအကြောင်းကြီးပဲ ပြန်ရောက်ပြီးတော့ လူတွေက စိတ်မချမ်းမသာတွေ ဖြစ်နေရတယ် တခါထဲ။ ညတွေဆိုလဲပဲ ခြောက်ခြားစရာကြီး အဲဒီလို။ ကျောင်းက ဘုန်းကြီးတွေ ရိုက်သတ်တာ ခွေးတွေကဆိုလဲ အူလိုက်တာ ပြောမနေနဲ့။ သရဲ တစ္ဆေတွေကတော့ ပတ်လည်ဝိုင်းနေမှာပဲ။ ဘယ်သူမှ ကြေနပ်မှာ မဟုတ်ဘူး။ သူတို့လုပ်တာ ဒီတခါတော့ တော်တော်စိတ်ဆင်းရဲဖို့ ကောင်းတယ်။ ရန်ကုန်မြို့ဟာ ပျော်စရာ မကောင်းဘူး။ ကာဖြူးကြောင့်လဲ မဟုတ်ဘူး။ လူတွေက အဲဒါကြီးကိုပဲ စိတ်ထဲမှာမချမ်းမသာ အဖွားကြီးတွေ ဆိုရင်လဲ ငိုကြ ယိုကြတယ်။ အကုန်လုံးမြင်ရတဲ့သူတွေကလေ။ စိတ်မချမ်းသာဘူး။ စိတ်ဆင်းရဲတာပေါ့။" ရန်ကုန်မြို့မှာ အရင်ကလို ဆွမ်းခံကြွတဲ့ကိုယ်တော်တွေကို သိပ်မတွေ့ရတော့သလို ဘုန်းကြီးကျောင်းတွေမှာလဲ သံဃာတော်တွေ တော်တော်လေး နည်းသွားတာကြောင့် မြန်မာပြည်မှာ သာသနာကွယ်ပျောက်တဲ့ အဆင့်ရောက်နေပြီလို့လဲ အဲဒီရန်ကုန်မြို့ခံကပဲ အခုလို ဆက်ပြောပါတယ်။

"တို့နားက ဘုန်းကြီးကျောင်းတကျောင်းမှာ ရဟန်းပျိုချည်းပဲ သုံးဆယ်နှစ်ပါးရှိတာ အပါးသုံးဆယ်မရှိတော့ဘူး။ နှစ်ပါးပဲ ကျန်တော့တာ။ အဲဒီနှစ်ပါးကလဲ ကျောင်းစောင့်သဘောမျိုး။ နောက်အဲဒီကျောင်းတိုက်ထဲကပဲ ကျောင်းတကျောင်းမှာဆိုလို့ရှိရင် ရဟန်းအိုကြီး နှစ်ပါးပဲကျန်တော့တယ်။ ကျန်တဲ့ဟာတွေက ထွက်ပြေးတဲ့သူတွေကပြေး။ ဖမ်းခံရတဲ့ အထဲမှာ ပါတဲ့သူက ပါ။ အဲဒီလို ဖြစ်သွားတယ်။ အရင်ကလေ မနက်မိုးလင်း ထွက်လိုက်ရင် ဆွမ်းခံကြွတဲ့ကိုယ်တော်တွေနဲ့ တွေ့ရသေးတယ်။ အခုကျတော့ ဘာမှ မတွေ့ရတော့ဘူး။ ဒါ သာသနာ ကွယ်တာပဲပေါ့။ ဟုတ်တယ်မဟုတ်လား။ တိုင်းပြည်မှာ ဘာများမျှော်လင့်ချက် ရှိလို့လဲ။ သာသနာဆိုတဲ့ ကြိုးတချောင်းကြောင့် တိုင်းပြည်မှာ ကုတ်ကပ်ပြီးနေ နေကြရတာ။ အကုန်လုံးက။ နောက်ဆုံးကျ သာသနာကွယ်တဲ့ အကျိုးကြောင့်သေမထူး နေမထူး ဇာတ်တွေ ခင်းလိမ့်မယ်။"

နအဖ စစ်အစိုးရဟာ ငြိမ်းချမ်းစွာဆန္ဒပြနေတဲ့ ရဟန်းသံဃာတော်တွေနဲ့ ကျောင်းသားပြည်သူတွေကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့သလို ထောင်နဲ့ချီတဲ့ ဆန္ဒပြသူတွေကိုလဲ အစုလိုက် အပြုံလိုက် ရိုက်နှက်ဖမ်းဆီးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို ဖမ်းဆီးခံရတဲ့အထဲက ကျိုက္ကဆံ စစ်ကြောရေးစခန်း ကနေ ပြန်လည်လွတ်မြောက်လာတဲ့ အမည်မဖော်လိုသူ ရန်ကုန်မြို့သား တဦးက စစ်ကြောရေး စခန်းအတွင်း သူကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံကို အခုလို ပြောပြပါတယ်။

"ခြောက်ထပ်ကြီး ဘုရားဖက်က မိသားစုဗျ။ မိသားစု တစုလုံး အဖမ်းခံလိုက်ရတယ်။ အဲဒီ ခြောက်နှစ်သားလေးကို ရိုက်ကြတယ်။ အဲဒီ ခြောက်နှစ်သားလေးကို ရိုက်တဲ့အခါမှာ အနားကလူတွေက ဝိုင်းပြီးတော့ အဲဒီ ခြောက်နှစ်သားလေးကို ကာကွယ်တဲ့အခါမှာ တညလုံး အဲဒီလူစုကို ရိုက်ကြတယ်။ ရိုက်ပြီးတော့ အဲဒီ စခန်းထဲမှာပဲပေါ့ ချုပ်ထားတဲ့သူတွေ အကုန်လုံးကို ရိုက်တာကို။ အဲဒီ ကလေးလေးက ကျိုက္ကဆံကွင်းထဲမှာ ဖမ်းထားတာ။ အခုထက်ထိ ရှိတုန်းပဲ။ အဲဒီ ကလေး ပြန်လွတ်လာရင် ရူးလာမှာပဲ။ သူ့ငယ်တန်းလေးပဲ ရှိသေးတာ စဉ်းစားကြည့်လေ။"

ဖမ်းဆီး ခံနေရသူတွေထဲမှာ နာမည်ကျော် တေးရေးဆရာ ကိုရဲလွင်လဲပါဝင်နေပြီး ကိုရဲလွင်ဟာ အသက် (၆၀) ကျော်နေပြီ ဖြစ်သလို မကြာခဏ တက်တတ်တဲ့ ရောဂါရှိတာကြောင့် သူ့ရဲ့ကျန်းမာရေး အခြေအနေကို အတော်လေးစိတ်ပူမိကြောင်း မိသားစုဝင်တွေနဲ့ တေးရေးဆရာတွေက ဒီဗွီဘီကို ပြောပြသွားခဲ့ကြပါတယ်။ ■

## မင်းကိုနိုင်လည်း နှိပ်စက်ခံနေရသည်

*ဒီဗွီဘီ၊ ၁၃ အောက်တိုဘာလ၊၂၀၀၇*

(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ ကျန်းမာရေးအခြေအနေ အထူး စိုးရိမ်နေရကြောင်း အင်းစိန်ထောင်နဲ့ နီးစပ်သူတဦးကပြောပါတယ်။

အမည်မဖော်လိုတဲ့ ရဲသတင်းတပ်ဖွဲ့ဝင်တဦး အဆိုအရဆိုရင် ကိုမင်းကိုနိုင်ကို စစ်ဖက်ရေးရာလုံခြုံရေးအဖွဲ့က တိုက်ရိုက်ကိုင်တွယ် စစ်ဆေးနေတယ်ဆိုပါတယ်။ လောလောဆယ် နအဖဥက္ကဋ္ဌအမိန့်နဲ့ အရင်စစ်ထောက်လှမ်းရေး ဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကျော်ဝင်းက စစ်ကြောရေးတွေကို ကိုင်တွယ်ကြီးကြပ်နေတယ်လို့ပြောပါတယ်။ ဆေးထိုးစစ်ဆေးတာတွေ၊ ရိုက်ပြီးစစ်ဆေးတာတွေစတဲ့ နည်းပေါင်းစုံနဲ့ စစ်ဆေး မေးမြန်းနေတယ်လို့လဲ အဲဒီ အမည်မဖော်လိုတဲ့ ရဲသတင်းတပ်ဖွဲ့ဝင်က ဒီဗွီဘီကို ပြောပြပါတယ်။

ဒီသတင်းတွေနဲ့ပတ်သက်လို့ အင်းစိန်ထောင်နဲ့ စစ်ဖက်ရေးရာလုံခြုံရေးဌာနတွေကို ဆက်သွယ်မေးမြန်းခဲ့ပေမဲ့ အဆက်အသွယ်မရခဲ့ပါဘူး။ ■

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

## ဆန္ဒပြသူတွေကို ဆက်လက်ဖမ်းဆီးနှိမ်နင်းမှုတွေကို ရပ်တန့်ဖို့ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တောင်းဆို

*ဗွီအိုအေ၊ ၁၃ အောက်တိုဘာလ၊၂၀၀၇*

မကြာသေးခင်က မြန်မာနိုင်ငံအဝှမ်းဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေကို မြန်မာစစ်အစိုးရက အကြမ်းဖက် နှိမ်နင်းခဲ့တဲ့အပြင် နောက်ဆက်တွဲ ဖမ်းဆီးမှုတွေ လုပ်ဆောင်နေတဲ့အပေါ် နိုင်ငံတကာက ဝိုင်းဝန်းကန့်ကွက်မှုတွေ ထွက်ပေါ်နေပါတယ်။ ဒီအထဲမှာ လန်ဒန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ကြီး ဖြစ်တဲ့ Amnesty International လည်း ပါဝင်ပါတယ်။ အကြောင်းစုံကို ဦးအောင်လွင်ဦးက တင်ပြထားပါတယ်။

မြန်မာစစ်အစိုးရက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ပါမယ်လို့ နိုင်ငံတကာကို ပြောဆိုနေချိန်မှာပဲ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ဆက်လက် ဖမ်းဆီးမှုတွေ လုပ်ဆောင်လာနေတာတွေကို ရပ်တန့်နိုင်ဖို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနဲ့ တိကျခိုင်မာတဲ့ အရေးယူမှုတွေလုပ်ဆောင်ပေးဖို့ လန်ဒန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ကြီးတစ်ခုဖြစ်တဲ့ Amnesty International က ပြောဆိုလိုက်တာပါ။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ အပါအဝင် နိုင်ငံရေးလှုပ်ရှားသူတွေကို မြန်မာစစ်အစိုးရက ဆက်လက်ဖမ်းဆီးမှုတွေ ရှိနေချိန်မှာ အခုလို ပြောဆိုလိုက်တာလည်း ဖြစ်ပါတယ်။ တကယ်တော့ မြန်မာစစ်အစိုးရဖက်က ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်လို့ ပြောဆိုပြီး တစ်ဖက်မှာ အခုလို ဖိနှိပ်မှုတွေလုပ်နေတာဟာ အပြောနဲ့အလုပ်မညီဘူးလို့ Amnesty International အာရှပစိဖိတ်အစီအစဉ်ရဲ့ ယာယီညွှန်ကြားရေးမှူး ကက်သရင်းဘာဘာ က ပြောပါတယ်။

"အခုလို ဆက်လက်ဖမ်းဆီးမှုတွေ လုပ်ဆောင်နေတာဟာ မြန်မာစစ်အစိုးရက သူပေးထားတဲ့ကတိတွေကို သူ့ဖာသာသူ ဖျက်လိုက်တာနဲ့ အတူတူပါပဲ။ ဒါကြောင့်လည်း ဒီလိုဖမ်းဆီးမှုတွေကို ရပ်တန့်စေဖို့၊ ဖမ်းဆီးခံထားရသူတွေရဲ့ အသက်အန္တရာယ်လုံခြုံမှုကို အာမခံချက်ရစေဖို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီနဲ့ ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်တွေအနေနဲ့ ပိုပြီးတိကျခိုင်မာတဲ့ အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့တောင်းဆိုထားပါတယ်။"

ဒါ့အပြင် အခုနောက်ဆုံးဖမ်းဆီးခံလိုက်ရတဲ့ နိုင်ငံရေးလှုပ်ရှားသူ ၃ ဦးဖြစ်တဲ့ ကိုဌေးကြွယ်၊ ကိုအောင်သူနဲ့မမီးမီး တို့ရဲ့လုံခြုံမှုအတွက် အထူးပူပမ်ကြောင်းနဲ့ သူတို့အနေနဲ့ ထိန်းသိမ်းခံရတဲ့နေရာမှာ နှိပ်စက်ညှဉ်းပမ်းမှု မတရားဖိနှိပ်မှုတွေနဲ့ ရင်ဆိုင်ရမယ့်အန္တရာယ်နဲ့လည်း ရင်ဆိုင်နေရတယ်လို့ ပြောပါသေးတယ်။ အခုလို နိုင်ငံရေးလှုပ်ရှားသူတွေကို ဖမ်းဆီးထိန်းသိမ်းထားတာဟာ မြန်မာနိုင်ငံရေးကို ဖြေရှင်းရာမှာ အဟန့်အတားတွေ ဖြစ်စေတဲ့ အကြောင်းကိုလည်း –

"ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ယုံကြည်မှုကြောင့် အကျဉ်းကျခံနေရသူတွေကို အကျဉ်းချထားတာဟာ အားလုံးပါဝင်ကြရမယ့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်မှာ အခြေခံအကျဆုံး အဟန့်အတား တစ်ခုဖြစ်နေပါတယ်။ ဒါကြောင့်လည်း ကျမတို့က ယုံကြည်ချက်ကြောင့် ဖမ်းဆီးခံနေရသူတွေကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုနေရတာပါ။"

Amnesty International အနေနဲ့ အခုလို ဖမ်းဆီးထားသူတွေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုနေရုံပဲလား၊ မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ အပြောင်းအလဲတွေဖြစ်ပေါ်ဖို့ တခြားရော ဘယ်လိုလှုပ်ရှားမှုတွေများ လုပ်ကိုင်နေပါသလဲ။

"ငြိမ်းချမ်းစွာဆန္ဒပြကြသူတွေကို ဆက်လက်ပြီး အကြမ်းဖက်နှိမ်နင်းနေတဲ့အပေါ် ကန့်ကွက်ကြဖို့နိုင်ငံတကာမှာရှိတဲ့ ကျမတို့ အဖွဲ့ဝင်တွေအနေနဲ့ စည်းရုံးလှုပ်ရှားမှုတွေ လုပ်နေပါတယ်။ မက္ကစီကိုလို နိုင်ငံမျိုးကနေ တိဘက်အထိ ကမ္ဘာတဝန်းမှာ ဆန္ဒပြပွဲတွေ လုပ်ခဲ့ကြပါတယ်။ နောက်ပြီးတော့ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတွေအပါအဝင် ကမ္ဘာပေါ်က အရေးပါတဲ့ အစိုးရတွေကိုလည်း အလားတူ ဆောင်ရွက်ဖို့စည်းရုံးနေပါတယ်။"

ဒီလို မြန်မာစစ်အစိုးရအပေါ် ဖိအားပေးနိုင်ဖို့ အစိုးရတွေကို တွန်းအားပေးလုပ်ဆောင်ရာမှာ မြန်မာစစ်အစိုးရအပေါ် ဩဇာညောင်းတဲ့ တရုတ်အစိုးရကိုလည်း ပိုမိုပါဝင်လုပ်ကိုင်လာဖို့ အာရုံစိုက်လုပ်ဆောင်သွားဖို့ ရှိတယ်လို့လည်း ကက်သရင်းဘာဘာက ပြောသွားပါသေးတယ်။ ■

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖမ်းဆီးခံခဲ့ရသူများ စာရင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် –၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်
၁၃၆၉ ခုနှစ် တော်သလင်းလကွယ်နေ့
ကြေညာချက် – ၁၇/၁၀/၀၇

ယနေ့ ၁၁–၁၀–၀၇ နေ့အထိ ပြည်နယ်/တိုင်းများတွင် ဖမ်းဆီးခြင်းခံထားရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင် (၂၁၆) ဦးစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှဖေ၊ မကွေးတိုင်း စည်းရုံးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဇော်၊ မွန်ပြည်နယ် စည်းရုံးရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့မှ ဒေါ်လဲ့လဲ့ အပါ အဝင် ရန်ကုန်တိုင်းမှ (၈၀) ဦး၊ မန္တလေးတိုင်းမှ (၃၂)ဦး၊ စစ်ကိုင်းတိုင်းမှ (၂၄) ဦး၊ မကွေးတိုင်းမှ (၁၇)ဦး၊ ပဲခူးတိုင်းမှ (၉) ဦး၊ ဧရာဝတီတိုင်းမှ (၃၁)ဦး၊ ကချင် ပြည်နယ်မှ (၁၄) ဦး၊ ရခိုင်ပြည်နယ်မှ (၉) ဦးတို့ဖြစ်ကြပါသည်။

သက်ဆိုင်ရာ ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များနှင့် ဗဟိုလုပ်ငန်းအဖွဲ့များက အဖွဲ့ချုပ်အဖွဲ့ဝင်များ ထပ်မံ၍ဖမ်းဆီးခံရခြင်း၊ ပြန်လည်လွှတ်မြောက်ခြင်းတို့ ရှိလာပါလျှင် ယင်းစာရင်းတို့ကို အဖွဲ့ချုပ် (ဌာနချုပ်) အမြန်ဆုံးပေးပို့ကြရန် ဖြစ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ရန်ကုန်မြို့**

ဖမ်းဆီးခံပုဂ္ဂိုလ်များစာရင်း

၁။ ဦးလှဖေ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဥက္ကဋ္ဌ – ဧရာဝတီတိုင်း
၂။ ဦးဟံဇော် ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဥက္ကဋ္ဌ – မကွေးတိုင်း
၃။ ဦးမြင့်သိန်း အတွင်းရေးမှူး–မွန်ပြည်နယ်
၄။ ဒေါ်လဲ့လဲ့ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ မရမ်းကုန်း – စည်းအဖွဲ့ဝင် ရန်ကုန်တိုင်း
၅။ ဦးကျော်ဆွေ စည်း/ဥက္ကဋ္ဌမင်္ဂလာဒုံမြို့နယ် ၊ ရန်ကုန်တိုင်း
၆။ ကိုပေါက်စ(ခ)ကိုသက်ဝေ စည်း/ဥက္ကဋ္ဌ စမ်းချောင်းမြို့နယ်
၇။ ဦးဌေးလွင်စည်း/ဥက္ကဋ္ဌ ပန်းဘဲတန်းမြို့နယ်
၈။ အောင်သန်းစိုး အတွင်းရေမှူး သုံးခွမြို့နယ်
၉။ဦးစံလွင် တွဲ/အတွင်းရေးမှူး မရမ်းကုန်းမြို့နယ်
၁၀။ဦးသန်းဌေး တွဲ/အတွင်းရေးမှူး ဒေါပုံမြို့နယ်
၁၁။ဦးငွေစိုး တွဲ/အတွင်းရေးမှူး သာကေတမြို့နယ်

၁၂။ကိုတင်မောင်ဝင်း မြို့နယ်စည်း ကြည့်မြင်တိုင်
၁၃။ ဦးဟန်တင့် မြို့နယ်စည်းမရမ်းကုန်း

## ★အာဏာရူးစစ်အစိုး၏ ရက်စက်ရတ်မာမှုများအား ရဲဝံ့စွာဖေါ်ထုတ်ကြ။

၁၄။ ဦးကြီးမြင့် မြို့နယ်စည်း မရမ်းကုန်း

၁၅။ ကိုစိုးရွှေ အဖွဲ့ဝင်  ဗဟန်းမြို့နယ်

၁၆။ ဦးကျင်းလှိုင် မြို့နယ်စည်း ဒေါပုံမြို့နယ်

၁၇။ဦးခင်မောင်အေး  မြို့နယ်စည်း လသာမြို့နယ်

၁၈။ကိုအောင်ထွန်း လူငယ်တာဝန်ခံ(၁) သဃ်န်းကျွန်း

၁၉။ ကိုစိုးမြင့်ထိန် အဖွဲ့ဝင် မြောက်ဉက္ကလာပ

၂၀။မဉမ္မာ  အဖွဲ့ဝင် ဒဂုံမြို့သစ်

၂၁။ မသန္တာ ခနွယ်ဦး အဖွဲ့ဝင် ကမာရွတ်

၂၂။ ကိုမြသန်းထိုက် လူငယ်အဖွဲ့ဝင် သဃ်န်းကျွန်း ဒဏ်ရာရဆေးရုံတက်

၂၃။ မမေမွန် လူငယ်အဖွဲ့ဝင်

၂၄။ ကိုသိန်းစိုး အဖွဲ့ဝင် ဒဂုံမြို့သစ်မြို့နယ် ရန်ကုန်တိုင်း

၂၅။ မခင်စိန် အဖွဲ့ဝင် တာမွေမြို့နယ်

၂၆။ ကိုအောင်လင်း အဖွဲ့ဝင် လှိုင်သာယာ

၂၇။ မလှလှမွန် အဖွဲ့ဝင် လှိုင်သာယာ

၂၈။ ဦးသိန်းညွန့်(ခ)ကိုအေး အဖွဲ့ဝင် ဒဂုံမြို့သစ်

၂၉။ မခင်ဝင်းကြည် တာမွေအထက(၃) ဒဂုံမြို့သစ် ရှေ့တွင်ပျောက်ဆုံး

၃၀။ကိုတင်ထူး တာမွေအထက(၃) ဒဂုံမြို့သစ် ရှေ့တွင်ပျောက်ဆုံး

၃၁။ မနုနုထွေး တာမွေအထက(၃) ဒဂုံမြို့သစ် ရှေ့တွင်ပျောက်ဆုံး

၃၂။ ကိုထွန်းနိုင် တာမွေအထက(၃) ဒဂုံမြို့သစ် ရှေ့တွင်ပျောက်ဆုံး

၃၃။ မဇာခြည်ထွေး တာမွေအထက(၃) ဒဂုံမြို့သစ် ရှေ့တွင်ပျောက်ဆုံး

၃၄။ မမေသက်ဇင် တာမွေအထက(၃) ဒဂုံမြို့သစ် ရှေ့တွင်ပျောက်ဆုံး

၃၅။ မချို တာမွေအထက(၃) ဒဂုံမြို့သစ် ရှေ့တွင်ပျောက်ဆုံး

၃၆။ စန်းအောင်ဝင်း(ခ)မှတ်ကြီး တာမွေအထက(၃) ဒဂုံမြို့သစ် ရှေ့တွင် ပျောက်ဆုံး

၃၇။ဦးကျင်အုံး (၂၆–၉–၂၀၀၇)ဗဟန်း ရွှေတိဂုံတွင်ပျောက်ဆုံး

၃၈။ ဦးမြင့်စိန် (၂၆–၉–၂၀၀၇)ဗဟန်း ရွှေတိဂုံတွင်ပျောက်ဆုံး

၃၉။ မအေးအေးသက်  လူငယ်အဖွဲ့ဝင် အင်းစိန်မြို့နယ်

၄၀။ ကိုရွှေထူး လူငယ်အဖွဲ့ဝင် အင်းစိန်မြို့နယ်

၄၁။ ကိုအောင်သန်းဝင်း လူငယ်အဖွဲ့ဝင် အင်းစိန်မြို့နယ်

၄၂။မေဇင်ဖြိုးငြိမ်း လူငယ်အဖွဲ့ဝင် ဒေါပုံမြို့နယ်

၄၃။ မဝါဝါအောင်(ခ)မခိုင်ယမင်း အဖွဲ့ဝင် သာကေတမြို့နယ်

၄၄။ မပေါက်  အဖွဲ့ဝင် သာကေတမြို့နယ်

၄၅။ ကိုသန်းဝင်း  အဖွဲ့ဝင် သာကေတမြို့နယ်

၄၆။ ကိုနေသူရိန်ဝင်း  အဖွဲ့ဝင် သာကေတမြို့နယ်

၄၇။ ကိုမျိုးဇော်ထွေး(ခ)ဖိုးခွား အဖွဲ့ဝင် သာကေတမြို့နယ်

၄၈။ ကိုဗိုလ်ဌေး လူငယ်အဖွဲ့ဝင် လှိုင်မြို့နယ်

၄၉။ ကိုဇော်မျိုးနိုင် လူငယ်အဖွဲ့ဝင် လှိုင်မြို့နယ်

၅၀။ ကိုသန့်ဇင် လူငယ်အဖွဲ့ဝင် လှိုင်မြို့နယ်

၅၁။ ကိုမျိုးမြင့် လူငယ်အဖွဲ့ဝင် လှိုင်မြို့နယ်

၅၂။ ကိုလှဝင်း တိုက်ကြီးမြို့နယ်

၅၃။ ကိုစစ်အောင် တိုက်ကြီးမြို့နယ်

၅၄။ ဦးခင်ထွန်း သာကေတမြို့နယ်

၅၅။ ကိုအောင်မြင့် သာကေတမြို့နယ်

၅၆။ မောင်ရဲနိုင် သာကေတမြို့နယ်

၅၇။ မောင်သန့်ဇော်လွင် သာကေတမြို့နယ်

၅၈။ ဦးသိန်းရွှေ သာကေတမြို့နယ်

၅၉။ ဦးသိန်းကြည် မြောက်ဒဂုံမြို့နယ်

၆၀။ ကျော်စိုးအောင် လူငယ်အဖွဲ့ဝင် အင်းစိန်မြို့နယ်

၆၁။ မောင်အေးမင်းဆွေ လူငယ်အဖွဲ့ဝင် အင်းစိန်မြို့နယ်

၆၂။ ကိုကိုရီ လူငယ်အဖွဲ့ဝင် အလုံမြို့နယ်

၆၃။ ကိုမြတ်သူ(ပျောက်ဆုံး) လူငယ်အဖွဲ့ဝင်   ဒေါပုံမြို့နယ်

၆၄။ကိုမြင့်အောင် ရကတ(ရုံးအဖွဲ့မှူး) တာမွေမြို့နယ်

၆၅။ ထွန်းလင်းအောင်  လူငယ်အဖွဲ့ဝင် လှိုင်မြို့နယ်

၆၆။ ကိုအေးမင်းစိုး လူငယ်အဖွဲ့ဝင် လှိုင်မြို့နယ်

၆၇။ ကိုမောင်စိန် အဖွဲ့ဝင် လှိုင်မြို့နယ်

၆၈။ ကိုတင်ရှိန်(ခ)ဦးနီလေး အဖွဲ့ဝင် လှိုင်မြို့နယ်

၆၉။ ဇေယျာထွန်း(ခ)စိုးမင်း သာကေတမြို့နယ်

၇၀။ ကိုသိန်းဝင်း သာကေတမြို့နယ်

၇၁။ ကိုအောင်မျိုးနိုင် သာကေတမြို့နယ်

၇၂။ ကိုဇော်စိုင်း လှည်းကူးမြို့နယ်

၇၃။ မအေးအေးမူ လှည်းကူးမြို့နယ်

၇၄။ အေးမင်းဦး လှည်းကူးမြို့နယ်

၇၅။ ဦးမောင်စိန် လှိုင်မြို့နယ်

၇၆။ ကျော်ကျော်မြင့် ပုဇွန်တောင်မြို့နယ်

၇၇။ ကိုမြစိန် အဖွဲ့ဝင်   သဃ်န်းကျွန်းမြို့နယ်

၇၈။ ကိုသိန်းဌေး အဖွဲ့ဝင် ဒေါပုံမြို့နယ်

၇၉။ ကိုသန်းထိုက်အောင် အဖွဲ့ဝင် သဃ်န်းကျွန်းမြို့နယ်

၈၀။ ကိုစိုးမြင့် အဖွဲ့ဝင် ကျောက်တံတားမြို့နယ်

မန္တလေးတိုင်း

၁။ ဦးသန်းလွင် ဒု–တိုင်းဉက္ကဌ မတ္တရာမြို့နယ် မန္တလေးတိုင်း

၂။ ဦးကံထွန်း တိုင်း/အတွင်းရေးမှူး

၃။ ဦးမောင်မောင်သန်း   တိုင်း/တွဲဖက်အတွင်းရေးမှူး (လွှတ်တော်ကိုယ်စားလှယ်)

၄။ ဦးဇော်ဝင်း

၅။ ဦးတင်အောင်အောင် တိုင်း/စည်းအဖွဲ့ဝင်  (လွှတ်တော်ကိုယ်စားလှယ်)

၆။ ဒေါ်ဝင်းမြမြ တိုင်း/စည်းအဖွဲ့ဝင်

၇။ ကိုမျိုးနိုင် တိုင်း/စည်းအဖွဲ့ဝင်

၈။ ဦးစောလွင် (လွှတ်တော်ကိုယ်စားလှယ်) ရှေ့တောင်မြို့နယ်

၉။ Dr.လှအောင် (လွှတ်တော်ကိုယ်စားလှယ်) ဝမ်းတွင်းမြို့နယ်

၁၀။ ဦးမြင့်လွင် မြို့နယ်စည်း ဒု–ဉက္ကဌ မြင်းခြံမြို့နယ်

၁၁။ ဦးပေါသိန်း မြို့နယ်စည်း/အတွင်းရေးမှူး မြင်းခြံမြို့နယ်

၁၂။ ဦးမြင့်စိုး မြို့နယ်စည်း/အတွင်းရေးမှူး အနောက်တောင်မြို့နယ်

၁၃။ ဦးဇော်ဟိန်း မြို့နယ်စည်း/အတွင်းရေးမှူး ပုသိမ်ကြီးမြို့နယ်

၁၄။ ဦးမြင့်သန်း မြို့နယ်စည်း/အတွင်းရေးမှူး တံတားဦးမြို့နယ်

၁၅။ ဦးတင်ကို မြို့နယ်စည်းအဖွဲ့ဝင် မိတ္ထီလာမြို့နယ်

၁၆။ ဒေါ်စန်းစန်းအေး မြို့နယ်စည်းအဖွဲ့ဝင် နောက်တောင်မြို့နယ်

၁၇။ ကိုမင်းသူ မြို့နယ်စည်းအဖွဲ့ဝင် မိုးကုတ်မြို့နယ်

၁၈။ Dr.ဗထူး မြို့နယ်စည်းအဖွဲ့ဝင် မေမြို့

၁၉။ ဦးပါပါလေး အဖွဲ့ဝင် အရှေ့တောင်မြို့နယ်

၂၀။ ကိုမင်းကိုနိုင် လူငယ်အဖွဲ့ဝင်   အရှေ့မြောက်မြို့နယ်

၂၁။ ဒေါ်စန်းစန်းသွင် ရုံးအိမ်ရှင် အရှေ့မြောက်မြို့နယ်

၂၂။ မပွင့်ဖြူ လူငယ်အဖွဲ့ဝင် မိုးကုတ်မြို့နယ်

၂၃။ မသင်းသင်း လူငယ်အဖွဲ့ဝင် မိုးကုတ်မြို့နယ်

၂၄။ ဦးကျော်စိန်လှိုင် အဖွဲ့ဝင် ကျောက်ပန်းတောင်း

၂၅။ ဦးမြတ်စိုး အဖွဲ့ဝင် ကျောက်ပန်းတောင်း

၂၆။ ဦးပေါ်အေး အဖွဲ့ဝင် ကျောက်ပန်းတောင်း

၂၇။ ဦးဝင်းရွှေ အဖွဲ့ဝင် ကျောက်ပန်းတောင်း

၂၈။ ဦးရဲထွန်း အဖွဲ့ဝင် ကျောက်ပန်းတောင်း

၂၉။ ဦးစိန်သန်း အဖွဲ့ဝင် တောင်သာမြို့နယ်

၃၀။ ဦးခင်မောင်သောင်း အဖွဲ့ဝင် အနောက်မြောက်မြို့နယ်

၃၁။ မခင်မာလာ အဖွဲ့ဝင် အနောက်မြောက်မြို့နယ်

၃၂။ ဦးမြင့်ဌေး အဖွဲ့ဝင် အနောက်မြောက်မြို့နယ်

စစ်ကိုင်းတိုင်း

၁။ ဦးမြင့်ကြည် တိုင်းစည်းအဖွဲ့ဝင် ကသာမြို့နယ် စစ်ကိုင်းတိုင်း (လွှတ်တော်ကိုယ်စားလှယ်)

၂။ ဦးဗလ (လွှတ်တော်ကိုယ်စားလှယ်) အရာတော်မြို့နယ်

၃။ ဦးအောင်ဆွေ မြို့နယ်စည်းဉက္ကဌ စစ်ကိုင်းမြို့နယ်

၄။ ဦးကျော်မင်း မြို့နယ်စည်းဒု–ဉက္ကဌ စစ်ကိုင်းမြို့နယ်

၅။ ဦးခင်မောင်သိန်း မြို့/စည်းအတွင်းရေးမှူး  စစ်ကိုင်းမြို့နယ်

၆။ ဦးအောင်မျိုး မြို့/စည်းတွဲအတွင်းရေးမှူး   ရွှေဘိုမြို့နယ်

၇။ ဦးဘမင်း မြို့နယ်စည်းအဖွဲ့ဝင်   ကလေးမြို့နယ်

## ★ ဖမ်းဆီထိန်းသိမ်းခံ ရဟန်းသံဃာတော်များအား ချက်ချင်းလွှတ်။

၈။ ဦးဂျော်နီ မြို့နယ်စည်းအဖွဲ့ဝင်  ကလေးမြို့နယ်
၉။ ဦးတင်မောင်ညွန့် အဖွဲ့ဝင် စစ်ကိုင်းမြို့နယ်
၁၀။ ဦးမော်စီ အဖွဲ့ဝင်  စစ်ကိုင်းမြို့နယ်
၁၁။ ဦးကျော်မြင့် အဖွဲ့ဝင် စစ်ကိုင်းမြို့နယ်
၁၂။ ဦးတာ အဖွဲ့ဝင် စစ်ကိုင်းမြို့နယ်
၁၃။ ဦးညွန့်အောင် အဖွဲ့ဝင် မုံရွာမြို့နယ်
၁၄။ ဦးညိုမြ အဖွဲ့ဝင် ကလေးမြို့နယ်
၁၅။ မိုက်ကယ်ကျော်ဝင်း အဖွဲ့ဝင် ကလေးမြို့နယ်
၁၆။ ကိုဇော်မင်း အဖွဲ့ဝင် ကသာမြို့နယ်
၁၇။ ကိုသန်းမြင့်(ခ)ထွန်းထွန်းစိုး အဖွဲ့ဝင် ကသာမြို့နယ်
၁၈။ ကိုမင်းညို အဖွဲ့ဝင် ရွှေဘိုမြို့နယ်
၁၉။ ကိုသိန်းအောင် အဖွဲ့ဝင် အင်းတော်မြို့နယ်
၂၀။ ကိုဌေးနိုင်လင်း အဖွဲ့ဝင် အင်းတော်မြို့နယ်
၂၁။ ကိုထွန်းဦး အဖွဲ့ဝင် အင်းတော်မြို့နယ်
၂၂။ ကိုချမ်းအောင် အဖွဲ့ဝင် အင်းတော်မြို့နယ်
၂၃။ ကိုအေးနိုင်ဝင်း(ခ)ကိုရွှေသိန်း အဖွဲ့ဝင် အင်းတော်မြို့နယ်
၂၄။ ကိုကျော်သီဟ လူငယ်အဖွဲ့ဝင် ရွှေဘိုမြို့နယ်

မကွေးတိုင်း
၁။ ဦးလှိုင်အေး(လွှတ်တော်ကိုယ်စားလှယ်) ပခုက္ကူမြို့နယ်

မကွေးတိုင်း
၂။ ဦးခင်ဝင်း မြို့နယ်စည်းဥက္ကဌ ရေနံချောင်းမြို့နယ်
၃။ ဦးမြင့်ဦး မြို့/စည်းတွဲဘက်အတွင်းရေးမှူး  မကွေးမြို့နယ်
၄။ ဦးသာချို မြို့နယ်စည်းအဖွဲ့ဝင် ရေနံချောင်းမြို့နယ်
၅။ ဦးတင်ညွန့် မြို့နယ်စည်းအဖွဲ့ဝင် ပခုက္ကူမြို့နယ်
၆။ ဦးစန်းပွင့် မြို့နယ်စည်းအဖွဲ့ဝင် ပခုက္ကူမြို့နယ်
၇။ ကိုသန်းနိုင် လူငယ်အကူအညီပေးရေး
၈။ ကိုကျော်ကျော်နိုင်  လူငယ်အကူအညီပေးရေး
၉။ ကိုပိုလ်စတီး မြို့နယ်စည်းအဖွဲ့ဝင် တောင်တွင်းကြီးမြို့နယ်
၁၀။ ကိုပါလေး မြို့နယ်စည်းအဖွဲ့ဝင် တောင်တွင်းကြီးမြို့နယ်
၁၁။ ကိုပိုက်ကို မြို့နယ်စည်းအဖွဲ့ဝင် ပခုက္ကူမြို့နယ်
၁၂။ ဦးကြည်ဝင်း မြို့နယ်စည်းအဖွဲ့ဝင် ရေစကြိုမြို့နယ်
၁၃။ ဦးတင်ညွန့် မြို့နယ်စည်းအဖွဲ့ဝင် ပခုက္ကူမြို့နယ်
၁၄။ ဦးခင်မောင်နိုင် မြို့နယ်စည်းအဖွဲ့ဝင် တောင်တွင်းကြီးမြို့နယ်
၁၅။ ကိုအောင်ကိုကို မြို့နယ်စည်းအဖွဲ့ဝင် တောင်တွင်းကြီးမြို့နယ်
၁၆။ ဦးတင်ကြိုင် အဖွဲ့ဝင် ရေနံချောင်းမြို့နယ်
၁၇။ ကိုကျောက်ခဲ(ခ) ကိုအောင်ဆန်းဦး အဖွဲ့ဝင် အောင်လံမြို့နယ်

ပဲခူးတိုင်း
၁။ ဒေါ်ခင်ဝိုင်း မြို့နယ်စည်းဥက္ကဌ ဇီးကုန်းမြို့နယ်

ပဲခူးတိုင်း
၂။ ဦးစံလှိုင် မြို့နယ်စည်းဥက္ကဌ တောင်ငူမြို့နယ်
၃။ ကိုနေဝင်း မြို့နယ်စည်းအဖွဲ့ဝင် ပဲခူးမြို့နယ်
၄။ ဒေါ်လှလှ မြို့နယ်စည်းအဖွဲ့ဝင် ပဲခူးမြို့နယ်
၅။ ဒေါ်မာဟေအေး မြို့နယ်စည်းအဖွဲ့ဝင် ဇီးကုန်းမြို့နယ်
၆။ ဒေါ်ခင်ညွန့်မူ မြို့နယ်စည်းအဖွဲ့ဝင် ပဲခူးမြို့နယ်
၇။ ဒေါ်ညွန့်ကြည် မြို့နယ်စည်းအဖွဲ့ဝင် ပဲခူးမြို့နယ်
၈။ ဒေါ်ရွှေ မြို့နယ်စည်းအဖွဲ့ဝင် ပဲခူးမြို့နယ်
၉။ ဦးကျော်ခင်ဝင်း အဖွဲ့ဝင် ပဲခူးမြို့နယ်

ဧရာဝတီတိုင်း
၁။ ဦးအောင်ခင်ဗိုလ် မြို့နယ်စည်းဥက္ကဌ ဗိုလ်ကလေးမြို့နယ် ဧရာဝတီတိုင်း
၂။ ဦးဝင်းကြည် မြို့နယ်စည်းဥက္ကဌ ဝါးခယ်မမြို့နယ်
၃။ ဦးသိန်းထွန်း မြို့နယ်စည်းဥက္ကဌ သာပေါင်းမြို့နယ်
၄။ ဦးကိုမြင့် မြို့နယ်စည်းဥက္ကဌ အင်္ဂပူမြို့နယ်
၅။ ဦးခင်မောင်ချစ် မြို့/စည်းအတွင်းရေးမှူး ဘိုကလေးမြို့နယ်
၆။ ဦးဝင်းအောင် မြို့/စည်းအတွင်းရေးမှူး ဝါးခယ်မမြို့နယ်
၇။ ဒေါ်မိမိစိန် မြို့/စည်းတွဲဘက်အတွင်းရေးမှူး ဘိုကလေးမြို့နယ်
၈။ ဒေါ်ခင်လေး မြို့နယ်စည်းဘဏ္ဍာရေးမှူး ဘိုကလေးမြို့နယ်
၉။ ကိုတက်ထွန်း မြို့နယ်စည်းအဖွဲ့ဝင် ဘိုကလေးမြို့နယ်
၁၀။ ဦးလှမြင့် မြို့နယ်စည်းအဖွဲ့ဝင် ဘိုကလေးမြို့နယ်
၁၁။ ကိုအောင်မိုးဝင်း မြို့နယ်စည်းအဖွဲ့ဝင် လပွတ္တာမြို့နယ်
၁၂။ ကိုကြည်သန်း မြို့နယ်စည်းအဖွဲ့ဝင် လပွတ္တာမြို့နယ်
၁၃။ ကိုဌေးဝင်း မြို့နယ်စည်းအဖွဲ့ဝင် လပွတ္တာမြို့နယ်
၁၄။ ကိုမောင်ကျော် မြို့နယ်စည်းအဖွဲ့ဝင် လပွတ္တာမြို့နယ်
၁၅။ ဦးမောင်ကံ မြို့နယ်စည်းအဖွဲ့ဝင် ဝါးခယ်မမြို့နယ်
၁၆။ ကိုကျော်ထွန်း မြို့နယ်စည်းအဖွဲ့ဝင် ဝါးခယ်မမြို့နယ်
၁၇။ ဦးထွန်းရွှေ မြို့နယ်စည်းအဖွဲ့ဝင် ဝါးခယ်မမြို့နယ်
၁၈။ ဦးထွန်းထွန်းဦး မြို့နယ်စည်းအဖွဲ့ဝင် ဝါးခယ်မမြို့နယ်
၁၉။ ဦးလှဌေး မြို့နယ်စည်းအဖွဲ့ဝင် ဝါးခယ်မမြို့နယ်
၂၀။ ဦးသိန်းဌေး မြို့နယ်စည်းအဖွဲ့ဝင် ဝါးခယ်မမြို့နယ်
၂၁။ ဦးသိန်းဝင်း မြို့နယ်စည်းအဖွဲ့ဝင် သာပေါင်းမြို့နယ်။
၂၂။ ဦးစောဝင်း မြို့နယ်စည်းအဖွဲ့ဝင် ဟင်္သာတမြို့နယ်
၂၃။ ဦးလှအောင် မြို့နယ်စည်းအဖွဲ့ဝင် ညောင်တုန်းမြို့နယ်
၂၄။ ဦးအေးဝင်း မြို့နယ်စည်းအဖွဲ့ဝင် ပုသိမ်မြို့နယ်
၂၅။ ဦးကျော်မြင့် ရပ်/ကျေးဥက္ကဌ ဘိုကလေးမြို့နယ်
၂၆။ ကိုမင်းသူ အဖွဲ့ဝင် ဘိုကလေးမြို့နယ်
၂၇။ ဦးသန်းမြင့် အဖွဲ့ဝင် ဘိုကလေးမြို့နယ်
၂၈။ ဒေါ်ကျင်သန်း အဖွဲ့ဝင် ဘိုကလေးမြို့နယ်
၂၉။ ဦးချစ်သိန်း အဖွဲ့ဝင် ပုသိမ်မြို့နယ်
၃၀။ ဦးအောင်ကြွယ် အဖွဲ့ဝင် ဝါးခယ်မမြို့နယ်
၃၁။ ဦးသက်လွင် အဖွဲ့ဝင် ပုသိမ်မြို့နယ်

ကချင်ပြည်နယ်
၁။ ဦးပုထွေး(ခ)ဗန်းမော်ညိုနွဲ့ လွှတ်တော်ကိုယ်စားလှယ် ဗန်းမော်မြို့နယ်

ကချင်ပြည်နယ်
၂။ ဦးကျော်မောင် လွှတ်တော်ကိုယ်စားလှယ် မြစ်ကြီးနား
၃။ ဦးလှမြင့် မြို့နယ်စည်းအဖွဲ့ဝင် မြစ်ကြီးနား
၄။ ဦးညွန့်လှိုင် မြို့နယ်စည်းအဖွဲ့ဝင် မြစ်ကြီးနား
၅။ ဦးမရမ်ဘောက်လာ မြို့နယ်စည်းအဖွဲ့ဝင်  ဗန်းမော်မြို့နယ်
၆။ ဦးသန်းဇော် အဖွဲ့ဝင်
၇။ ဦးဖေစိန် အဖွဲ့ဝင်
၈။ ဦးခင်မောင်ထွန်း အဖွဲ့ဝင်
၉။ ဦးတင်အေး အဖွဲ့ဝင်
၁၀။ ဦးဘအောင် အဖွဲ့ဝင်
၁၁။ ဦးခိုင်ထူး အဖွဲ့ဝင်
၁၂။ ဦးထွန်းတင် အဖွဲ့ဝင်
၁၃။ ဦးနေဝင်း အဖွဲ့ဝင်  မြစ်ကြီးနား
၁၄။ ဒေါ်ငွေကြိုင် အဖွဲ့ဝင်

ရခိုင်ပြည်နယ်
၁။ ဦးကျော်ခိုင် ပြည်နယ်ဒု-ဥက္ကဌ  တောင်ကုတ်မြို့နယ် (လွှတ်တော်ကိုယ်စားလှယ်)
၂။ ဦးသိန်းမောင် ပြည်နယ်စည်းအဖွဲ့ဝင် မာန်အောင်မြို့နယ် (လွှတ်တော်ကိုယ်စားလှယ်)
၃။ ဦးရန်ရွှေ ပြည်နယ်စည်းအဖွဲ့ဝင် ရမ်းဗြဲမြို့နယ်
၄။ ဦးမောင်ရွှေ ပြည်နယ်စည်းအဖွဲ့ဝင် ရမ်းဗြဲမြို့နယ်
၅။ ဦးဖြူအောင် မြို့နယ်စည်းအဖွဲ့ဝင် မာန်အောင်မြို့နယ်
၆။ ဦးသန်းအေး မြို့နယ်စည်းဒု-ဥက္ကဌ တောင်ကုတ်မြို့နယ်
၇။ ဦးစောသိန်း မြို့နယ်အတွင်းရေးမှူး ရမ်းဗြဲမြို့နယ်
၈။ ဦးထွန်းကြည် မြို့နယ်စည်းအဖွဲ့ဝင် တောင်ကုတ်မြို့နယ်
၉။ ဦးစိန်ကျော် မြို့နယ်စည်းအဖွဲ့ဝင် ဂွမြို့နယ်

# လွတ်မြောက်နယ်မြေတနေရာသို့ (၈၈)မျိုးဆက်ကျောင်းသားသုံးဦးခေတ္တရောက်ရှိ

**၁၄၊ အောက်တိုဘာလ ၂၀၀၇ခုနှစ်၊ ရွှေမောက်**

၂၀၀၇ခုနှစ် အောက်တိုဘာလ (၁၄)ရက်နေ့တွင် သံဃာတော်များငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြပွဲတွင် ကိုယ်တိုင်ပါဝင်လှုပ်ရှားခဲ့သော(၈၈)မျိုးဆက်ကျောင်းသား သုံးဦး လွတ်မြောက်နယ်မြေ တနေရာသို့ ခေတ္တရောက်ရှိခဲ့ပါတယ်။ ၎င်းတို့သည် (၈၈) ဒီမိုကရေစီတိုက်ပွဲတွင် အထက်တန်းကျောင်းသားများအဖြစ်ပါဝင်လှုပ်ရှားခဲ့ပြီး၊ ၁၉၉၆ခုနှစ်တွင် ကျောင်းသားသမဂ္ဂပြန်လည်ဖွဲ့စည်းရေးနှင့် ပြည်သူ့လွှတ်တော်ခေါ်ယူရေးလှုပ်ရှားမှု၌ ထောင်ဒဏ် (၇)နှစ်စီကျခံခဲ့ရပါတယ်။

နအဖ က ရဟန်းရှင်လူ ကျောင်းသားပြည်သူများ၏ ငြိမ်းချမ်းစွာဆန္ဒပြလှုပ်ရှားသူများအပေါ် ရက်စက်စွာ အကြမ်းဖက်ဖြိုခွဲသတ်ဖြတ်မှုများ၊ ငြိမ်းချမ်းစွာ လှုပ်ရှားမှုများနှင့်ပတ်သက်ပြီး ကိုရဲထွန်းကျော်နှင့် ကိုနေဝင်းလှိုင်တို့မှ ရှင်လင်းပြောကြားခဲ့ပါသေးတယ်။

ကိုရဲထွန်းကျော်မှ "ကျနော်တို့တွေရင်ဆိုင်နေရတဲ့ပြဿနာဟာ နအဖတစ်ခုတည်းမကပဲ ပြည်ပရဲ့ ကိုယ်ကျိုးတစ်ခုတည်းကိုပဲ ကြည့်ပြီးတော့ သန်းငါးကျော် ပြည်သူလူထုကြီးရဲ့ စစ်မှန်တဲ့ဆန္ဒတွေကို လုံးဝလျစ်လျူရှုပြီးနေတဲ့ တိုင်းပြည်တွေကိုလည်းကျနော် ဒီကနေပြောချင်ပါတယ်။ အမေရိကန်နဲ့ အီးယူကဖြူရင် ငါတို့က မဲမယ်ဆိုပြီးတော့ သိပ်ကိုဝါဒရေးရာ အစွန်းရောက်နေတဲ့ နိုင်ငံတွေကို ကျနော်ဒီကနေ့ သတင်းမီဒီယာတဆင့်ပြောချင်ပါတယ်။ အခုဒီဘက်လက်တွေ့မှာ ရင်ဆိုင်ကြုံတွေ့နေရတာက လူထုကြီးက သေနတ်နဲ့ ပစ်နေပါတယ်ဆိုတဲ့ရှေ့ကို ထွက်လာတာ သူတို့ရဲ့၊ သတ္တိ သူတို့ရဲ့ဘဝတွေကိုပေးပြီးတော့ သူတို့ရဲ့ ဆန္ဒတွေကို ဖော်ထုတ်ဖို့ ထွက်လာတာ အဲ့ဒါကို အကျိုးကိုရှာဖို့ တခုတည်းအတွက်နဲ့ သူတို့ ကိုယ်ကျိုးတခုတည်းကို ရှေ့ရှုပြီးတော့ လူထုရဲ့ဆန္ဒ သန်းငါးဆယ်ကျော် လူထုကြီးရဲ့ဆန္ဒကို လျစ်လျူရှုပြီး တကယ့် ကုလသမဂ္ဂရဲ့ ဆွေးနွေးပွဲတွေမှာ 'ဗီတို' တခုတည်းကို ကိုင်ပြီး ရမ်းချင်တိုင်းရမ်းနေတဲ့တိုင်းပြည်ကို ပြည်သူလူထုကြီးရဲ့ ဆန္ဒကို အလေးအနက် ထားပြီး စဉ်းစားကြပါလို့ ကျနော် ဒီနေရာကလေး အလေးအနက်ပြောချင်ပါတယ် " ဟုရှင်းလင်းသွားပါတယ်။

ထို့နောက် ကိုနေဝင်းလှိုင်ကလည်း ရဟန်းရှင်လူ ကျောင်းသားပြည်သူများနှင့် တော်လှန်ရေးအင်အားစုအသီးသီးသို့ ပန်ကြားချက်ကို ဖတ်ကြားသွားပါတယ်။ ထို့နောက် လွတ်မြောက်နယ်မြေကို ခဏတိမ်းရှောင်လာတယ်ဆိုတော့ ပြည်တွင်းမှာ နေထိုင်လှုပ်ရှားဖို့အတွက်ကို ဘယ်လောက်ထိ စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိနေလို့လည်း ဆိုတာကို ကိုရဲထွန်းကျော်က" ညအိပ်ယာဝင်လိုက်တဲ့အချိန်မှာ ကြွက်လျှောက်သံကြားရင်တောင် ကျနော်တို့ လန့်နိုးနေတဲ့သူတွေပဲ၊ အချိန်တိုင်းမှာ ဘယ်သူကိုမှာ ယုံလို့မရတော့ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ရပ်ကွက်အတွင်းမှာ အနံ့ပဲလေ ကြံ့ဖွံ့၊ စွမ်းအားရှင်က အနံ့ရှိနေတာ ဒီလက်တံတွေကတဆင့် ခြိမ်းခြောက် တာက တမျိုး ဒီလက်ရှိ ယူနီဖောင်းဝတ်ထားတဲ့ အာဏာပိုင်တွေက ခြိမ်းခြောက်တာကတမျိုး၊ အမြဲတမ်းသွားလာမှုတိုင်းမှာ ကျနော့်အိမ်မှာ လမ်းထိပ်မှာတချက်၊ ကားဂိတ်မှာတချက်၊ ကျနော်က ဘူတာနဲ့နီးတော့ ဘူတာမှာတချက်၊ အဝင်အထွက်တိုင်း အမြဲတမ်း Checking ရှိနေတယ်။ တခါလမ်းတလျှောက်မှာ ဘယ်သွား မယ်ဆိုတာကို နေရာတွေက Point တွေက များများစားစားမရှိဘူးလေ။ ဒီနေရာတွေမှာ watch လုပ်နေတာရှိတယ်၊ ဒီအိမ်ပြန်အဝင်မှာလည်းရှိတယ်။ လမ်းတလျှောက် မှာလည်း Watch လုပ်နေတာရှိတယ် "ဟု ပြည်တွင်း ဆန္ဒပြလှုပ်ရှားသူများကို အတင်းလိုက်လံဖမ်းဆီးရန်အတွက် နေရာတိုင်းတွင် လုံခြုံရေးများ တင်းကြပ်စွာ ချ ထားစောင့်ကြည့်နေ ရှင်းလင်းပြောကြားသွားပါသည်။

နအဖစစ်တပ်မှ ရဟန်းရှင်လူ ကျောင်းသားလူငယ်၊ ပြည်သူများကို အကြမ်းဖက် ဖြိုခွဲမှုကိုလည်း ကိုနေဝင်းလှိုင်က "ကျနော်မြင်ခဲ့ရတဲ့ မြင်ကွင်းဆိုရင် တာမွေဘက်မှာဆိုလို့ရှိရင်ပေါ့နော် ကျောင်းသားတွေက ကျောင်းသားအလံကိုင်ပြီး ချီတက်လာတယ်၊ ရှေ့မှာ အတားအဆီးတွေရှိလို့ ရပ်နေတယ်။ အဲ့ဒီအချိန်မှာပဲ နောက်ကနေပြီးတော့ တီအီးကားတွေနဲ့ ဝင်လာပြီးတော့ ကားပေါ်ကနေပြီး တခါတည်း ပစ်တာပဲ။ အဲ့လို ပစ်တာကြောင့်မို့ ကျောင်းသားတွေ ထိတဲ့လူ ထိတယ်။ ပြေးတဲ့လူ ပြေးတယ်။ အတုံးအရုန်း လဲကျတဲ့လူတွေ လဲတယ်။ အဲ့ဒီမှာပဲ လွတ်တဲ့လူတွေ လွတ်လာခဲ့ကြတယ်။ အဲ့ဒီမှာ ပြီးတဲ့အခါကျတော့ ရှေ့ကနေ ရှိတဲ့လူတွေက ပြေးချလာပြီးတော့ ရိုက်တာ နှက်တာတွေနဲ့ အကုန်လုံး အလဲလဲ အကွဲကွဲဖြစ်ကြတယ်၊ အဲ့ဒါက စစ်အစိုးရကနေပြီးတော့ ကျောင်းသားတွေ ကျောင်းသားအလံ ကိုင်ပြီးချီတက်လာတဲ့ သူတွေကို ဆက်ဆံတဲ့ ဆက်ဆံရေးပါ။ လုံထိန်းလို့ နံပါတ်တုတ် ကိုင်ထားတဲ့ သူတွေပေါ့နော် စစ်ဦးထုပ်ဆောင်းထားတာတော့ မဟုတ်ဘူးပေါ့၊ နောက်ပစ်တဲ့လူတွေက စစ်ဦးထုပ်ဆောင်းထားတဲ့လူတွေရှိတယ်။ လုံထိန်းကတော့ ခေါင်းမှာ အနီကျားလိုဟာမျိုး ဆောင်းထားတဲ့လူမျိုးတွေက ရိုက်တာပေါ့နော်"

ကိုရဲထွန်းကျော်မှ ဆက်လက်၍ "ကျနော်တို့က စောစောကတည်းကိုက ဒီသူတို့ရဲ့ ဒီလူထုလှုပ်ရှားမှုကြီးကို ဖြိုခွင်းဖို့အတွက် အတွင်းသတင်းတွေ တော်တော်များများ ကျနော်တို့ရထားတယ်၊ ဘုန်းကြီးကို ဘုန်းကြီးနဲ့ ပြန်ပြီးဖြိုခွင်းဖို့၊ နောက်ဆုံး ကျနော်တို့ လက်ခံယူထားတဲ့ သတင်းကတော့ သုံးစုရှိမယ်။ ဘုန်းကြီးက တစု (၅၀၀) လောက်ရှိမယ်။ ဘုန်းကြီးအတုပေါ့၊ နောက်ထပ် လူ (၅၀၀) လောက်ရှိမယ်။ ဒီအလံရှူးနှစ်ခုက အကြမ်းဖက်တခု ဖန်တီးမယ် အဲ့ဒီအခါမှာ နောက်ထပ် တစုက ဘုန်းကြီးနဲ့ လူနဲ့ဖြစ်တဲ့ ကြားထဲမှာ ဝင်ပြီးတော့ သူတို့က မလိုလားတဲ့အုပ်စုတခုအနေနဲ့ ဖြေရှင်းမယ်။ ဝင်ပြီးရိုက်နှက်ဖြေရှင်းမယ်။ အဲ့ဒီလို အဓိကရုန်းက သုံးပွင့်ဆိုင်တွေရှုပ်နေတဲ့ အချိန်ကျမှ သူကဒီမှာ လူထုအကြမ်းဖက်မှုကြီးဖြစ်နေပါတယ်ဆိုတဲ့ကိစ္စနဲ့ ဝင်ပြီး နှိမ်နင်းဖို့အတွက် ဆိုပြီးတော့ ကျနော်တို့ကရထားတယ်။ ရထားတော့ ကျနော်တို့က တတ်နိုင်သမျှ ဒီမက်ဇေ့ကို ဘုန်းကြီးထဲမှာကော၊ ကျောင်းသားထဲမှာကော လုံးဝ အကြမ်းမဖက်ဖို့၊ ဒီအကြမ်းဖက်မှုတွေ ဖြစ်လာတဲ့အခါကျရင် ထိန်းဖို့ ဒေါသကို ရှေ့မထားဖို့၊ ဒါပေမယ့် တကယ်တမ်းဖြစ်လာတဲ့အခါကျတော့ တကယ်ကို ကျနော်တို့ ပထမပိုင်းမှာတော့ စနစ်တကျဖြစ်အောင် ဒီဘုန်းကြီးတွေ ချီတက်မှုမှာ လူပါမလာအောင် နောက်တဖြေးဖြေးအရှိန်ရလာတဲ့အခါမှာ ကျောင်းသားတွေ ပူးပေါင်းမှုမှ ကျောင်းသားတွေပူးပေါင်းမှုမှတဆင့် နောက်ကမှ တဖြေးဖြေး ပြည်သူတွေလိုက်လာအောင် အလုံးစုံပေါ့နော် နောက်ပိုင်းပူးပေါင်းမှုမျိုးစုံနဲ့ ပူးပေါင်းမှုနဲ့အင်းအားများလာတာနဲ့ အမျှကျနော်တို့ ဒီခုဏက ထိန်းသိမ်းမှုအပိုင်းမှာလည်း မနိုင်တော့ဘူး၊ အဲဒီမှာ အလံရှူးတွေပါလာတယ်၊ လူမျိုးစုံဖြစ်လာတယ်။ တကယ်တန်း တချို့နေရာတွေမှာဆိုလိုရှိရင် လူဟောင်းတွေ၊ ထောင်လှမ်းရေးလည်းအသင့် ရှိနေတယ်။ ကျနော်တို့ လူသစ်တွေကျတော့ ဘယ်ဟာက ထောက်လှမ်းရေးလည်း ဘယ်ဟာကဘာလဲဆိုတာ ခွဲခြားမသိနိုင်ဘူး။ ကျနော်တို့ထုတ်တဲ့ statementကို အထုတ်လိုက် ထောက်လှမ်းရေးကို ကမ်းလိုက်တယ်။ ထောက်လှမ်းရေးမှန်းမသိလို့ ထောက်လှမ်းရေးဆိုတဲ့ လူတွေကလည်း လူရည်နက်ပြီးသား လျင်ပြီးသားဝေတယ် ဆိုတာနဲ့ ချက်ဆိုသူကလည်း လက်သွယ်တယ်။ ဒါပေမယ့် အဲဒီအခါကျတော့ ကျနော်တို့ ဘာလုပ်ရသလဲဆိုတော့ ဘေးကလူကို ဒီလူ အလံရှူးပဲ၊ ဒီလူဆီရောက် သွားတဲ့ဟာကို တတ်နိုင်သမျှပြန်ရဖို့ ကျနော်တို့က လူထုဆီပေးတဲ့ Messageကို ပြန်ရဖို့ ကျနော်တို့ပြန်ပေးပါ၊ ကျနော်တို့ ခင်ဗျားဘာလည်း ဆိုတာသိပါတယ်၊ ဒီလောက်ဆိုလည်းလုံလောက်ပြီလို့ ပြောတဲ့အခါကျတော့ သူကပြန်ပေးပါတယ်၊ ဒါပေမယ့် သူကသူ့အတွက်လည်း Record တခုမရှိလို့ ရှိဖို့ယူထားပရစေဆိုပြီး ယူထားပါတယ်။ နောက်တခါမှာ သူက လူဟောင်းအတော်များများကိုသိနေတယ်။ သိနေတဲ့အခါကျတော့ ဒီ စီတန်းလမ်းလျှောက်မှု actionထဲမှာ လူဟောင်း တယောက် ကိုတွေ့လိုက်တာနဲ့ အဲဒီတယောက်ကို ဝမ်းဘိုင်တူးပဲ နှစ်ယောက်ထည့်၊ နှစ်ယောက်ထည့်တယ် ဒါကို ကျနော်တို့ အနီးကပ်စောင့်ကြည့်နေတယ် တယာက်ပါသွားတယ် အဲဒီတယောက်ကို ရတဲ့ပုံစံနဲ့ မင်းဖျောက်တော့ မင်းနောက်ကနှစ်ယောက်ကပ်လိုက်လာတယ်။ ဘယ်သူဘယ်သူ။ ဒါပေမယ့်ဗျာ တောက်လျောက် ကျနော်တို့မှာလည်း တယောက်နော်ကကို နှစ်ယောက်ထည့်ပေးဖို့ဆိုတာ အချိန်များများတော့ မဖြစ်နိုင်ဘူး။ အဲဒီတော့တော်တော်များများပျောက်တာပဲ။ လမ်းမှာလည်း အဖမ်းခံရတယ်။ အိမ်မရောက်တာလည်း အများကြီးပဲ"ဟု ရှင်းပြသွားပါတယ်။

ကျောင်းသားများကို နအဖမှ မည်သို့ဆက်ဆံပုံကို ရှင်းပြရာတွင် "ကျောင်းသားများကို နအဖမှာဘယ်လိုဆက်ဆံသလဲဆိုတော့ ခါးကြားထဲမှ သေနတ်ကို မောင်းတင်ပြီးထိုးထားတယ်။ ရှေ့မှာတော့ ပြုံးပြနေတယ်၊ ပြုံးပြနေတယ် ကောင်းကောင်းမွန်မွန်ပဲဆက်ဆံနေတယ်။ ဒါပေမယ့် ခင်ဗျားက သူ့ရဲ့အာဏာကို ခြိမ်းခြောက်မှု တစုံတရာလုပ်မလာနဲ့ သေနတ်က မောင်းတင်တဲ့အဆင့်ထိ စောင့်နေဖို့ဆိုတာမရှိတော့ဘူး"ဟု ၎င်း၏ ခံစားချက်ကိုရှင်းပြသွားပါတယ်။ ■

" ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ "